


# လေးစားမှုရှိသည့် လုပ်ငန်းခွင်များ

## မြန်မာနိုင်ငံရှိ စီးပွားရေးလုပ်ငန်းများတွင် လုပ်ငန်းခွင်နိုင်ထက်စီးနင်းပြုလုပ်ခြင်း နှင့် လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်ခြင်းများကြောင့် ဖြစ်ပေါ်သောဆုံးရှုံးနစ်နာမှုများအား လေ့လာဆန်းစစ်ခြင်း

လေးစားမှုရှိသည့် လုပ်ငန်းခွင်များသည် နိုင်ထက်စီးနင်း ပြုလုပ်ခြင်း နှင့် လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်ခြင်းမှ ကင်းဝေးသော လုပ်ငန်းခွင်များ ဖြစ်ကြသည်။
လေးစားမှုရှိသည့် လုပ်ငန်းခွင်များသည် ဝန်ထမ်းများနှင့် စီးပွားရေးလုပ်ငန်းများအတွက် ကောင်းသောအရာ ဖြစ်သည်။

### လေးစားမှုရှိသည့် လုပ်ငန်းခွင်ကို ဖန်တီးခြင်းဖြင့်

- ထုတ်လုပ်မှုစွမ်းအား တိုးမြှင့်နိုင်ခြင်း၊
- စီးပွားရေးလုပ်ငန်းများ ကြီးထွားလာစေရန် အထောက်အကူဖြစ်စေခြင်း နှင့်
- အရည်အချင်းရှိသော ဝန်ထမ်းများကိုပါ ဆွဲဆောင်ထိန်းသိမ်းထားနိုင်ပေလိမ့်မည်။

အပြည်ပြည်ဆိုင်ရာ ဘဏ္ဍာရေးကော်ပိုရေးရှင်း (IFC) နှင့် ဓနအဖွဲ့အစည်း တို့မှ မြန်မာနိုင်ငံရှိ စီးပွါးရေးလုပ်ငန်းများတွင် အဖြစ်များသော လေးစားမှုမရှိသော အမူအကျင့်များကို သတ်မှတ်ဖော်ထုတ်ရန် နှင့် စီးပွားရေးလုပ်ငန်းများအား လေးစားမှုရှိသည့်လုပ်ငန်းခွင်ကို ဖန်တီးနိုင်စေရေးအတွက် လက်တွေ့ကျသော အကြံပြုချက်များ ပေးနိုင်ရန် လေ့လာမှု တစ်ခုပြုလုပ်ခဲ့သည်။

**လုပ်ငန်းခွင်တွင်နိုင်ထက်စီးနင်းပြုခြင်း** ဆိုသည်မှာ - ကျန်းမာရေးနှင့်လုံခြုံရေးအား ဥပဒ်ဖြစ်စေနိုင်သည့် အပြုအမူများကို ဝန်ထမ်းတစ်ဦး(သို့) ဝန်ထမ်းများအားလုံးအပေါ် ကျိုးကြောင်းသင့်လျော်မှုမရှိဘဲ ထပ်တလဲလဲ ပြုလုပ်ခြင်းကိုဆိုလိုသည်။

**လိင်ပိုင်းဆိုင်ရာ ထိပါးနှောက်ယှက်ခြင်း**ဆိုသည်မှာ - လိင်ဆိုင်ရာဖြစ်တည်မှုကို အခြေပြုပြီး ကာယကံရှင် မလိုလားသည့် အပြောအဆို၊ အနေအထိုင်ကို ပြုမှု၍ တစ်စုံတစ်ဦးအား အရှက်ခွဲခြင်း၊ကြောက်လန့်စေခြင်း၊ စော်ကားရာရောက်ခြင်းကို ဆိုလိုပါသည်။

လယ်ယာစီးပွားရေးလုပ်ငန်း၊ ငွေရေးကြေးရေး၊ လက်လီရောင်းဝယ်ရေး နှင့် ခရီးသွားလုပ်ငန်းကဏ္ဍများရှိ ကုမ္ပဏီ (၂၆) ခုမှ ဝန်ထမ်း **၉၅၆** ဦးပါဝင်ခဲ့ကြပြီး
အမျိုးသမီး ၅၉၈ ဦး ၊ အမျိုးသား ၃၅၈ ဦး နှင့်
**၁၅၅၈** ခုသော သုတေသန လုပ်ငန်းစဉ်များ ပြုလုပ်ပြီးစီးခဲ့သည်။

DaNa Facility
Empowering Enterprise

IFC International Finance Corporation
WORLD BANK GROUP
*Creating Markets, Creating Opportunities*

## အဓိကတွေ့ရှိချက်များ




### လိင်ပိုင်းဆိုင်ရာထိပါးနှောင့်ယှက်ခြင်းသည် လုပ်ငန်းခွင်အားလုံးအပေါ် သက်ရောက်မှုရှိသည်။

- ၁၅% သော ဝန်ထမ်းများသည် ယင်းတို့ကိုယ်တိုင် လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်ခြင်းများ ကြုံတွေ့ ခံစားခဲ့ရသည်။
- ၂၁% သော ဝန်ထမ်းများမှာမူ အခြားသူ တစ်ဦး တစ်ယောက် လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်ခြင်း ပြုကျင့်ခံနေရသည်ကို မျက်မြင်ကြုံတွေ့ခဲ့ရသည်။

### နိုင်ထက်စီးနင်းပြုလုပ်ခြင်းသည် လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်ခြင်းထက်ပို၍ အဖြစ်များသည်။

- ၄၀% သော ဝန်ထမ်းများသည် ကိုယ်တိုင် နိုင်ထက်စီးနင်းပြုလုပ်ခံခဲ့ရသည်
- ၅၆% တို့သည် နိုင်ထက်စီးနင်းပြုလုပ်ခြင်းများကို မျက်မြင်တွေ့ရှိခဲ့ကြသည်။
- ဝန်ထမ်းများသည် နိုင်ထက်စီးနင်းပြုလုပ်ခြင်း အဖြစ်အပျက်အား မျက်မြင်သို့မဟုတ် ကိုယ်တိုင်ကြုံတွေ့နိုင်ချေသည် လိင်ပိုင်းဆိုင်ရာနှောင့်ယှက်ခံရခြင်းထက် သုံးဆနီးပါးပိုဖွယ်ရှိသည်။

### အမျိုးသားနှင့်အမျိုးသမီး နှစ်မျိုးလုံးသည် လုပ်ငန်းခွင်နိုင်ထက်စီးနင်းပြုလုပ်ခြင်း နှင့် လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်ခြင်းများကို ကြုံတွေ့ရသော်လည်း ၎င်းတို့၏ အတွေ့အကြုံမှာ ကွဲပြားခြားနားသည်။

- ၄၀% သော ဝန်ထမ်းများသည် အနိုင်ကျင့်ခံခဲ့ရသည်။ အမျိုးသားများသည် အမျိုးသမီးများထက်ပို၍ နိုင်ထက်စီးနင်း ပြုကျင့်ခံကြရသည်။
- ၁၅% သော ဝန်ထမ်းများသည် လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်ခြင်းများ ကြုံတွေ့ခံစားခဲ့ရသည်။ အမျိုးသမီးများသည် အမျိုးသားများထက်ပို၍ လိင်ပိုင်းဆိုင်ရာထိပါးနှောင့်ယှက်မှုများ ကြုံတွေ့ကြရသည်။

### အနိုင်ကျင့်မှု အဖြစ်အများဆုံးပုံစံ

- အတင်းပြောခံရခြင်း၊
- ကြီးကြပ်သူများထံမှ အော်ဟစ်ပြောဆိုခံရခြင်း သို့မဟုတ် ဆူဆဲမှုခံရခြင်း၊
- စနောက်ခံရခြင်း၊
- အလုပ်နှင့်ပတ်သက်သော လူမှုရေးပွဲများမှ ဖယ်ထုတ်ခံရခြင်း

### လိင်ပိုင်းဆိုင်ရာထိပါးနှောင့်ယှက်ခြင်း အဖြစ်အများဆုံးပုံစံ

- ရုပ်ပိုင်းဆိုင်ရာ ပုံပန်းသဏ္ဌာန် ကို လှောင်ပြောင်ကဲ့ရဲ့ခြင်း၊
- တစ်စုံတစ်ဦးက လိင်ပိုင်းဆိုင်ရာ အကြောင်းအရာများအား ဟာသပြောကြားခြင်း၊
- မသင့်လျော်သော ပွေ့ဖက်ခြင်း

## စီးပွားရေးလုပ်ငန်းများတွင် လုပ်ငန်းခွင်နိုင်ထက်စီးနင်းပြုလုပ်ခြင်း နှင့် လိင်ပိုင်းဆိုင်ရာထိပါးနှောင့်ယှက်ခြင်းများကြောင့် နစ်နာဆုံးရှုံးမှုများ ဖြစ်ပေါ်စေသည်။

- နိုင်ထက်စီးနင်းပြုလုပ်ခြင်း နှင့် လိင်ပိုင်းဆိုင်ရာထိပါးနှောင့်ယှက်ခြင်းတို့ကြောင့် စီးပွားရေးလုပ်ငန်းအတွက် နှစ်စဉ် ထုတ်လုပ်မှုစွမ်းအား **၁၄%** ဆုံးရှုံးနေသည်။
- ဤလေ့လာချက်တွင် ထည့်သွင်းမတိုင်းတာထားသော အခြား စီးပွားရေးကုန်ကျစရိတ်များလည်း ရှိသည်။ ၎င်းတို့မှာ ဝန်ထမ်းအပြောင်းအရွှေ့စရိတ်၊ ဝန်ထမ်း ခေါ်ယူမှုစရိတ် နှင့် မွမ်းမံသင်တန်းကြေးများ ဖြစ်ကြသည်။

## စီးပွားရေးလုပ်ငန်းများသည် မည်သို့တုံ့ပြန်ရမည် နှင့်ပတ်သက်၍ လုံလောက်စွာ ပြင်ဆင်ထားခြင်း မရှိကြပေ။

- **စီးပွားရေးလုပ်ငန်းတစ်ခု၌သာ** လုပ်ငန်းခွင် နိုင်ထက်စီးနင်းပြုလုပ်ခြင်း နှင့် လိင်ပိုင်းဆိုင်ရာထိပါးနှောင့်ယှက်ခြင်းကို အရေးယူတုံ့ပြန်ရန်နှင့် ကာကွယ်တားဆီးရန် အတွက် တရားဝင်မူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများ/ လုပ်ငန်းစဉ်များ နေရာတကျဖြစ်သည့် သက်သေအထောက်အထား ရှိသည်။

## ၎င်းဖြစ်ရပ်များအပေါ် အချို့ဝန်ထမ်းများ၏ တုံ့ပြန်သောနည်းလမ်းသည် စီးပွားရေးလုပ်ငန်းများအတွက် သိပ်မကောင်းပါ။

- ဝန်ထမ်းများသည် သူတို့အလုပ်ခွင်တွင် တိုင်ကြားနိုင်သည့် စနစ် (တရားဝင်အစီရင်ခံရေးယန္တရား) ကို **လက်လှမ်းမမီတတ်ကြပေ။**
- အချို့ဝန်ထမ်းများကသာ ကျူးလွန်သူများနှင့် ထိပ်တိုက်ဖြေရှင်းကြသော်လည်း ဝန်ထမ်းအများစုမှာမူ ၎င်းဖြစ်ရပ်များပေါ်ပေါက်လာပါက **လျစ်လျူရှုခြင်း** (သို့မဟုတ်) လုပ်ဖော်ကိုင်ဖက်များနှင့် ဆွေးနွေးခြင်း (သို့မဟုတ်) အဖြစ်အပျက်များကို Facebook ပေါ်တွင် တင်လေ့ရှိကြသည်။

## နိုင်ထက်စီးနင်းပြုလုပ်ခြင်း နှင့် လိင်ပိုင်းဆိုင်ရာထိပါးနှောင့်ယှက်ခြင်းတို့သည် ကိုင်တွယ်ဖြေရှင်းနိုင်သည့် လုပ်ငန်းခွင်အလေ့အထများ ဖြစ်ကြသည်။

- အချို့သောစီးပွားရေးလုပ်ငန်းများ၌ နိုင်ထက်စီးနင်းပြုလုပ်ခြင်း နှင့် လိင်ပိုင်းဆိုင်ရာထိပါးနှောင့်ယှက်ခြင်းတို့သည် အမြင့်ဆုံးအဆင့်တွင် ရှိနေကြပြီး၊ အချို့မှာမူ အတော်လေး နည်းသည့်အဆင့်တွင် ရှိကြသည်။
- အချို့အခြေအနေ များတွင် ကုမ္ပဏီ တစ်ခုတည်း၌ဖြစ်သော်လည်း မတူညီသော နေရာဒေသ ၂ ခုတွင် နိုင်ထက်စီးနင်းပြုလုပ်ခြင်း နှင့် လိင်ပိုင်းဆိုင်ရာထိပါးနှောင့်ယှက်ခြင်းဆိုင်ရာ အတွေ့ အကြုံများသည် ကွဲပြားခြားနားကြသည်။ အချို့သော ပြဿနာများသည် "မြန်မာ့ အလေ့အထ" နှင့် ဆိုင်သည် ဆိုသည့် ပေးနေကျဖြစ်သော အကြောင်းပြချက်ဆင်ခြေနှင့် သုတေသနတွေ့ရှိချက်သည် ကိုက်ညီမှု မရှိပေ။













DaNa Facility
Empowering Enterprise

IFC International Finance Corporation
WORLD BANK GROUP
*Creating Markets, Creating Opportunities*


## အဓိက အကြံပြုချက်များ

စီးပွားရေးလုပ်ငန်းများသည် လေးစားမှုရှိသည့် လုပ်ငန်းခွင်အဖြစ် ဖန်တီးရေးအတွက် အောက်ပါ အချက်များနှင့် တစ်တပ်တစ်အား ပါဝင်ပေးနိုင်သည်။

- နိုင်ထက်စီးနင်းပြုလုပ်ခြင်းနှင့် လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်ခြင်းနှင့်ပတ်သက်၍ အသိအမြင်ကို မြှင့်တင်ပေးခြင်း
- လေးစားမှုရှိသည့် လုပ်ငန်းခွင်များ ဖန်တီးရန် ကျွမ်းကျင်မှုများ နှင့် စွမ်းရည်ကို တိုးတက်စေခြင်း နှင့်
- နိုင်ထက်စီးနင်းပြုလုပ်ခြင်းနှင့် လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်ခြင်း အပေါ် လူမှုရေးသဘောထားများကို ပြောင်းလဲရန် နှင့် လုပ်ငန်းခွင်အတွင်း အပြုသဘောဆောင်သော အပြုအမူများ တိုးပွားလာစေရန် အခြားအဖွဲ့အစည်းများနှင့်ပူးပေါင်းဆောင်ရွက်ခြင်း




### အခြားသော အဓိက အကြံပြုချက်များတွင်



| အကြီးတန်း မန်နေဂျာများနှင့် ဒါရိုက်တာများ | လူ့စွမ်းအား အရင်းအမြစ်ဌာန မန်နေဂျာများ | ဝန်ထမ်းများ | အခြားသူများ |
|---|---|---|---|
| • ကျင့်ဝတ်စည်းကမ်း တစ်ခုကို ကျင့်သုံးခြင်း နှင့် အကောင်အထည်ဖော်ခြင်း | • သင်တန်းပေးခြင်း | • သင်တန်းများကို ပါဝင်တက်ရောက် ခြင်း | • ဥပဒေရေးရာ တိုက်တွန်းလှုံ့ဆော်ခြင်း (Advocacy)/ ဥပဒေပြုရန် တိုက်တွန်းစည်းရုံးခြင်း |
| • အရင်းအမြစ်များကို စုစည်းခြင်း | • စီမံခန့်ခွဲသည့်သူများနှင့် အတူ ဖြေရှင်းဆောင်ရွက်ခြင်း | • မူဝါဒများကို သိရှိနားလည် သဘောပေါက်ခြင်း | • အကူအညီပေးသော ဝန်ဆောင်မှုများ ပံ့ပိုးခြင်း |
| • လုပ်ငန်းလုပ်ဆောင်နိုင်ရည် စီမံခန့်ခွဲခြင်းနည်းလမ်း များကို စတင်အသုံးပြုခြင်း | • မကျေနပ် ချက်တိုင်ကြားခြင်း ဆိုင်ရာ မူဝါဒနှင့် လုပ်ငန်းစဉ်များ အကောင်အထည် ဖော်ခြင်း | • မန်နေဂျာနှင့် လုပ်ဆောင်နိုင်ရည် မျှော်မှန်းချက် များကို ဆွေးနွေးခြင်း | • ကျား-မ တန်းတူ ညီမျှမှု၊ နိုင်ထက်စီးနင်းပြုလုပ်ခြင်းနှင့် လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်ခြင်း များကို ဆန့်ကျင်သည့် အသိအမြင်ဖွင့် ကမ်ပိန်းများ ပြုလုပ်ခြင်း |
| • ပြောင်းလဲမှုများ ဖြစ်လာစေရန် ဦးဆောင်ခြင်း | • ကာကွယ်တားဆီးခြင်း ဆောင်ရွက်ချက်များ | • ကုမ္ပဏီ စိတ်ကျေနပ်ချက် ဆန်းစစ်မှုများတွင် ပါဝင်ခြင်း | • စီးပွားရေးလုပ်ငန်းများနှင့် မိတ်ဖက်ပြုလုပ်ခြင်း |
| | • အထက်ပါ မူဝါဒ နှင့် လုပ်ငန်းစဉ်များ ထိရောက်မှု ရှိမရှိ တိုင်းတာဆောင်ရွက်ခြင်း | | |

အစီရင်ခံစာအပြည့်အစုံကို ဒီလင့် http://wrld.bg/I0cV30o0GPo တွင် ဒေါင်းလုဒ် ရယူနိုင်သည်။

သတင်းအချက်အလက်ပိုမိုသိလိုပါက ဆက်သွယ်ရန် : Ellen Maynes emaynes@ifc.org, the DaNa Facility info@danafacility.com.